# ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (13-1-2005) (၄၄၇၇)


# (၅၇)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ အခါသမယ နိုင်ငံအကြီးအကဲများ သဝဏ်လွှာများ ဆက်လက်ပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ ပေးပို့လျက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ✪

# နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ် ဝန်ကြီးနှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

## လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H. E. Mr. A.K.M. Mosharraf Hossain နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့်တွင်းထွက် အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. A.K.M. Mosharraf Hossainနှင့်အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍



# နယ်စပ်ဒေသများ၏ ပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး၊စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခဲ့ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်နေ နိုင်ငံသားအားလုံး မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်



ရန်ကုန် ဇန်နဝါရီ ၁၂

ကရင်ပြည်နယ် ဘားအံမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့နံနက် ၈နာရီတွင် ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

**ရှင်းလင်းမှာကြား**

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ်က တာဝန်ရှိသူအဆင့်ဆင့်တို့က အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား လက်ဆောင်ပစ္စည်းများနှင့် ငြိမ်းချမ်းရေးအဖွဲ့ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်စဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၃-၁-၂၀၀၅
(ကြာသပတေးနေ့)

## နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားညီအစ်ကိုများ ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြသည့် နိုင်ငံဖြစ်သည်။ ပြည်နယ်နှင့် တိုင်းတစ်ခုအတွင်းမှာပင် တိုင်းရင်းသားစုံ ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိကြသည့်အတွက် ပြည်နယ်များနှင့် တိုင်းများဟု အမည်နာမ အခေါ်အဝေါ် ကွဲပြားနေသော်လည်း ပြည်ထောင်စုလေးများ အသွင်သဏ္ဌာန် ဖော်ဆောင်လျက်ရှိနေပေသည်။

ထို့ကြောင့် ပြည်ထောင်စု မပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးမှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက အထူးအလေးထား ထိန်းသိမ်းစောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်များဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှအရေးကြီးလှသည့် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုချမှတ်ပြီး တစိုက်မတ်မတ် ထိန်းသိမ်းဆောင်ရွက်လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေး မူဝါဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်ရှည်၊ နှစ်တို စီးပွားရေးစီမံကိန်းများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တွင် စီးပွားရေး အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

ထို့အတူ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခြေခံအဆောက်အအုံများဖြစ်သော ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများကို မြို့ကြီးပြကြီးများနှင့် ဖွံ့ဖြိုးရေးဒေသကြီးများတွင်ပါ တည်ဆောက်ဖြည့်ဆည်း ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီလ ၁၀ရက်နေ့က ကရင်ပြည်နယ်အတွင်းသွားရောက်၍ တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခရီးစဉ်အတွင်း ဘားအံမြို့သို့ ရောက်ရှိစဉ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံရာ၌ **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ခိုင်ခိုင်မြဲမြဲရေရှည်ရပ်တည်သွားစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး အင်အားများ တောင့်တင်းခိုင်မာစေရေးအတွက် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း"** မှာကြားခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။ အဆိုပါမူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမအဆင့်နှင့် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အတွင်း ဖြစ်ထွန်းရရှိနေသည့် အောင်မြင်မှုအခြေခံကောင်းများကို အသုံးချလျက် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်စေရေးတို့အတွက် နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်သွားရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၏ ဓမ္မခရီး

**ရန်ကုန် ဇန်နဝါရီ ၁၂**

သီတဂူဆရာတော်၏ တပည့် သာသနာ့ဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၁၅ ရက်တွင် သုဝဏ္ဏမြို့ ကောက်လျှင်လမ်း တနင်္ဂနွေပတ် သံဃဒါနဆွမ်းအောင်ပွဲ၊ ၁၆ ရက်တွင် ဗ/၁၅ အောင်သိဒ္ဓိရန်အောင်မြင်ဘုရား မြရည်နန္ဒာ မန္တလေးမြို့၊ ၁၇ ရက်တွင် (၂၂)လမ်း ဗုဒ္ဓပူဇနိယ မန္တလေးမြို့၊ ၁၈ ရက်တွင် ရွှေအံတော်ဘုရား ဗုဒ္ဓပူဇနိယ ဓမ္မသဘင် မန္တလေးမြို့နှင့် ၁၉ ရက်တွင် ဓီးတောရွာ ဓမ္မသဘင် ပျော်ဘွယ်မြို့တို့တွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## မုံရွာမြို့တွင် ကိုယ့်အားကိုယ်ကိုးလမ်းသစ်များဖွင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ဖွင့်လှစ်



ရန်ကုန် ဇန်နဝါရီ ၁၂

**မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်း၍ ငွေကျပ် ၄၆သိန်းကျော် အကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့သည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်တွင် ယင်းလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ပြီး စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။**

### ဖွင့်လှစ်

အစီအစဉ်အရ ငွေကျပ် ၂၄သိန်း အကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့သည့် မုံရွာမြို့မ(၃)ရပ်ကွက်လမ်းမကြီး(၇)လမ်း အရှည် ၇၃၄ပေ၊ အကျယ် ၁၂ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဖုန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ ငွေကျပ် ၂၂သိန်းအကုန်အကျခံ ဆောင်ရွက်ပြီးစီးခဲ့သည့် မုံရွာမြို့မ(၄)ရပ်ကွက် ပုလဲလမ်း အရှည် ၆၁၇ပေ၊ အကျယ် ၁၂ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို မြို့နယ်အင်ဂျင်နီယာ ဦးစိုးနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးဘသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဖွင့်လှစ်လိုက်သည့် ကတ္တရာလမ်းသစ်များကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

**(အပေါ်ပုံ)** (သတင်းစဉ်)

## ရွှေမြင်းမိုရ်ကျောင်းတိုက် မိုးကုတ်တရားစခန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ကမ္ဘာ့ဌာနာ စရိယ ပိဋကတစ်ပုံဆောင် ရွှေမြင်းမိုရ်ကျောင်းတိုက်ပဓာန နာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနာ့ဓဇ သိရီပဝရဓမ္မာစရိယ)သည်တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ် ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက် အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဖြစ်စေ ဇန်နဝါရီ ၁၇ ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

## (၃၉)ကြိမ်မြောက် ဝိနယာဓိက စာပြန်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၁၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သော(၃၉)ကြိမ်မြောက် ရာမညနိကာယ ဝိနယာဓိက စာပြန်ပွဲကြီးကို မွန်ဓမ္မာရုံ၌ သံဃာတော်အပါး၂၀၀ ကျော်တို့အား ဇန်နဝါရီ ၂၁၊ ၂၂၊ ၂၃ ရက် (၁၃၆၆ခုနှစ်၊ ပြာသိုလဆန်း ၁၂၊ ၁၃၊ ၁၄ရက်) များတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများ မွန်ဓမ္မာရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရွှေတိဂုံဘုရားလမ်း ဖုန်း-၃၇၅၅၉၀ သို့ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

# ဟုတ်ပါ့မလား မောင်ကာဠုရဲ့–ဒါထက်တောင်ပိုသေး

မောင်ကာဠု

(အဘိုး) – မောင်ကာဠု မင်းဘယ်ပျောက်နေသလဲ။ မပေါ်လာတာကြာပြီ။

(မောင်ကာဠု) ထုံးစံအတိုင်းပေါ့အဘိုးရယ်။ ဟိုနယ်ဒီနယ်၊ ဟိုမြို့ဒီမြို့ အလုပ်ကိစ္စအကြောင်းပြုပြီး သွားရင်းလာရင်းနိုင်ငံအခြေအနေ၊ ပြည်သူတို့ရဲ့အနေအထားလေ့လာရတာပေါ့။

(ဘိုး) – မင်းစကားက ကြီးကျယ်လှချည်လားကွ၊ ဘာတွေတွေ့ခဲ့တုန်း ပြောပြစမ်းပါဦး။

(ဠု) – ရောက်သမျှဒေသတွေမှာ အေးငြိမ်းသာယာတယ်၊ ဖွံ့ဖြိုးတိုးတက်မှုတွေကလည်းနေရာတိုင်းမှာ အလစ်အဟာမရှိသလောက်ပဲ။ မြို့ကြီးတိုင်းမှာ တက္ကသိုလ်တွေ၊ကောလိပ်တွေနဲ့ အဘိုးရဲ့။ဆေးရုံတွေလည်းတိုးချဲ့ထားလိုက်တာ၊လမ်း၊ တံတား၊ဆည်တမံ၊မြစ်ရေတင်စီမံကိန်းတွေကလည်းလက်ဖျားခါလောက်အောင် တိုးတက်လာနေတာ၊ အဘိုးလည်း ရုပ်မြင်သတင်း ညတိုင်းကြည့်နေတာပဲ တွေ့မှာပါ။

(ဘိုး) – အေး–တို့က တို့ရဲ့ကိုယ်ပိုင်မံသစက္ခုနဲ့မြင်ရတယ်၊ သောတနားနဲ့ကြားရတယ်။ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်ကြား၊ ကိုယ်တိုင်သိဆိုတော့ တို့နိုင်ငံအခု ၁၆ နှစ်လောက်အတွင်း ငြိမ်းချမ်းသာယာလာတာ၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာတာ ကိုယ်တွေ့ပဲ၊ ဒိဋ္ဌမျက်မြင်ပဲလေကွာ။

(ဠု) – ဒါတောင် ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေက နှောင့်ယှက်၊ ကမ္ဘာ့တစ်ခွင် အကြောင်းပြချင်ရာပြပြီး ကျူးကျော်စွက်ဖက်နေတဲ့ ကိုလိုနီလက်သစ်ဝါဒီတွေက ပိတ်ဆို့လိုက်၊ ဟန့်တားလိုက်၊ ဖျက်ဆီးနှောင့်ယှက်လိုက် လုပ်နေတဲ့ကြားက ကျွန်တော်တို့ ပြည်သူတွေနဲ့ နိုင်ငံတော်ကို တာဝန်ယူထားရတဲ့ တပ်မတော်တို့ ကြည်ဖြူလက်တွဲ၊စည်းလုံးညီညွတ်မှုခိုင်မြဲစွာနဲ့ ဒီလိုငြိမ်းချမ်းမှု၊ ဒီလိုဖွံ့ဖြိုးတိုးတက်မှုတွေ ရယူနိုင်တာနော်၊ ကျွန်တော်တို့ရဲ့ ပြည်တွင်းအင်အားက ရန်တကာကိုကျော်နင်းပြီး အောင်ခြင်းအလီလီရနိုင်တဲ့ အင်အားပဲအဘိုးရဲ့။

(ဘိုး) – အေးပါကွာ–တို့မြန်မာနိုင်ငံသားတွေဟာလွတ်လပ်ရေးအတွက် စတင်တိုက်ပွဲဝင်ကတည်းက တပ်မတော်နဲ့ လက်တွဲခဲ့ကြတာ၊ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ရတဲ့ ဖြစ်စဉ်တိုင်းမှာလည်း ပြည်သူနဲ့တပ်မတော်ပဲ လက်ချင်းယှက်ပြီး အမျိုးသားရေးတာဝန်ထမ်းခဲ့ကြတာ။ ဒီအင်အားကို ပြည်တွင်း ပြည်ပအဖျက်သမားတွေ ဘယ်လိုမှဖြိုခွဲလို့ မရနိုင်ဘူးဆိုတာ ၁၆နှစ်ဖြစ်ရပ်တွေနဲ့ ဒီကနေ့ နိုင်ငံအခြေအနေ ကောင်းတွေက သက်သေပြနေတာပဲ။

(ဠု) – ကျွန်တော်လည်းအားရင် ပြည်ပက ထိုးနှက်နေတဲ့အဖျက်မီဒီယာတွေကို နားထောင်ကြည့်ပါတယ်၊ ဖတ်ရှုကြည့်ပါတယ်၊ ဒါပေမယ့် အဲဒီမီဒီယာတွေဟာ ဘာကိုရည်ရွယ်ပြီး ကျားကျားမီးယပ်လုပ် ဝါဒဖြန့်မှိုင်းတိုက်နေကြတာလဲဆိုတာ သဘောပေါက်လာတာပဲအဘိုးရဲ့။

(ဘိုး) – ပြောပြစမ်းပါဦးကွာ။

(ဠု) ဒီမိုကရေစီဆိုတဲ့စကား နေ့စဉ် မိုးမွှန်အောင်ရွတ်နေတဲ့ အဲဒီမီဒီယာတွေနဲ့ အဲဒီမီဒီယာတွေရဲ့ ပိုင်ရှင် ကိုလိုနီလက်သစ်ဝါဒီတွေဟာ ဒီမိုကရေစီမဆန်ဆုံး လုပ်ရပ်တွေချည်း လုပ်နေတာတွေ့ရတယ်။ နိုင်ငံတစ်ခုခုကို သူတို့အကျိုးအတွက် ဥပမာ အဲဒီနိုင်ငံက ထွက်တဲ့ရေနံကိုရရှိဖို့၊ ဒါမှမဟုတ် အဲဒီနိုင်ငံက အမျိုးသားရေးရှေးရှုပြီး သူတို့သြဇာမခံတဲ့ အစိုးရဖြုတ်ချ၊ သူတို့သြဇာခံရုပ်သေးအစိုးရတင်ပေးဖို့ စွက်ဖက်တော့မယ်၊ ကျူးကျော်တော့မယ်ဆိုရင် ဒီမိုကရေစီအကြောင်းပြတော့တာပဲ။

(ဘိုး) – မှန်လိုက်လေကွာ၊ တို့မျက်စိရှေ့မှာတင် သူတို့ကိုလိုနီလက်သစ်ဝါဒီအုပ်စုတွေ မကြိုက်တဲ့ အစိုးရတွေ ဖြုတ်ချဖို့၊ ပြည်တွင်းဆူပူမှုဖန်တီး၊ ပြည်တွင်း ဆူပူသောင်းကျန်းမှုဖန်တီး၊ လိုအပ်ရင် မမှန်ကန်တဲ့ အကြောင်းပြချက်တစ်ခုခုနဲ့ သူတို့စစ်အင်အားသုံး ကျူးကျော်နေတာတွေ တွေ့နေရတာပဲ။ လူထုသန်းပေါင်းများစွာနဲ့ အရွေးခံရတဲ့ အစိုးရတစ်ရပ်ဟာ သူတို့အနောက်က မလိုလားဘူးဆိုရင် လူထောင်ဂဏန်းလောက် လမ်းပေါ်ထွက် ဆူပူဆန္ဒပြရုံနဲ့ အဲဒီအစိုးရ ထွက်ပေးပါတော့၊ ထွက်မပေးသေးဘူးလား လုပ်တာမျိုး၊ နိုင်ငံရွေးကောက်ပွဲတွေမှာ ဒေါ်လာသန်းချီပုံအောပြီး သူတို့နိုင်စေချင်သူတွေ နိုင်အောင်လုပ်သွားတာမျိုး၊ သူတို့လူနိုင်ရင် အဲဒီရွေးကောက်ပွဲတရားတယ်၊ သူတို့လူရှုံးရင် မဲကလိမ်ကကျစ်လုပ်မှုရှိတယ်လို့ အကြောင်းပြပြီး ရွေးကောက်ပွဲကို ဖျက်ဆီးဖို့ လုပ်တာမျိုးစုံလို့ပါကွာ။

(ဠု) – နိုင်ငံတိုင်းဟာ အချုပ်အခြာအာဏာကို ပိုင်ရမယ်၊ စွက်ဖက်ခံရမှု၊ ကျူးကျော်ခံရမှု ကင်းဝေးရမယ်၊ ကိုယ့်နိုင်ငံကောင်းကျိုးကို ကိုယ့်ပြည်သူ(အများစု) ဆန္ဒနဲ့အညီ ဖော်ဆောင်ခွင့်ရှိရမယ်၊ ဒါဟာ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါမူတွေပဲ၊ နိုင်ငံတကာ ဥပဒေစံနှုန်းပဲ၊ လူ့ယဉ်ကျေးမှုရဲ့စံပဲ၊ အဲဒီ ပြည်သူတွေရဲ့ လွတ်လပ်ခွင့်၊ ဒီမိုကရေစီပိုင်ခွင့်၊လူ့အခွင့်အရေးအခြေခံမူတွေပဲ မဟုတ်လား အဘိုးရဲ့။ အခုတော့ အဲဒီစံတွေချိုးဖောက်ပြီး ဟိုနိုင်ငံကျူးကျော်၊ ဒီနိုင်ငံစွက်ဖက်လုပ်နေတာ ကြားမကောင်း၊ မြင်မကောင်းပါဘူး အဘိုးရယ်။

(ဘိုး) – အေးပါ–ဒါတွေကို တို့မြန်မာပြည်သူတွေက နားလည်နေကြပြီးသားပါ။ ဒါကြောင့်လည်း အာရ်အက်ဖ်အေတို့၊ ဒီဗွီဘီတို့လို ပြည်ပြေးအသံလွှင့်ဌာနတွေ၊ ဘီဘီစီ၊ ဗွီအိုအေလို ကိုလိုနီဝါဒဖြန့်မှိုင်းတိုက် ကိရိယာတွေကို နယ်ချဲ့လက်နက်အဖြစ် ရှုမြင်ပြီး ပယ်ချနေကြတာပေါ့။ သူတို့အသံလွှင့်တာကို တစ်ရက်၊ နှစ်ရက်လောက် သာမန်နားထောင်ကြည့်ရင် ဟုတ်နိုးနိုး ထင်ရတယ်။ လေး၊ ငါး၊ ဆယ်ရက် သတိ၊ အသိနဲ့ ယှဉ်နားထောင်ရင် တို့နိုင်ငံပျက်စီးရေးဦးတည်ပြီး တို့နိုင်ငံကိုစိုးမိုးခြယ်လှယ်သွေးစုပ်ဖို့ ကြံရွယ်တယ်ဆိုတာ ရိပ်စားမိသွားကြတော့တာပဲ။

(ဠု) – အခုလည်း ကျွန်တော်တို့ဆီမှာ လူအပြောင်းအလဲ တချို့ဖြစ်သွားတာ ပုံကြီးချဲ့ပြီး သူတို့လိုရာ ဆွဲပြောနေကြပြန်ပြီ။ ဘာတဲ့–အခု နိုင်ငံတာဝန် ဆက်ယူထားတဲ့ တပ်မတော်အကြီးအကဲတွေက Hard Liner သဘောထား တင်းမာသူတွေ ဖြစ်တယ်တဲ့။ ဒီမိုကရေစီကို ဖော်ဆောင်ပေးမယ့် လူတွေ မဟုတ်ဘူးတဲ့။

(ဘိုး) – ဒါက သူတို့အလုပ်ပဲလေ။ ငါတို့နိုင်ငံမှာ လွတ်လပ်ရေးကို တိုက်ယူဖို့ ဖွဲ့ခဲ့တဲ့တပ်မတော်ဟာ အဲဒီမြန်မာ့လွတ်လပ်ရေးကို အစဉ်တစိုက် ကာကွယ်ခဲ့တယ်။ အရေးကြုံရင် ပြည်သူ့ရှေ့က မားမားရပ်ခဲ့တယ်။ တပ်မတော်ဆိုတာဟာ အဲဒီလွတ်လပ်ရေးနဲ့ ပြည်သူ့ အကျိုးစီးပွားဘက်က မျိုးချစ်စိတ်နဲ့ ရပ်တည်သယ်ပိုးခဲ့တဲ့ အမျိုးသားရေးအင်အားစုကြီးပဲ။ ပြည်ပကျူးကျော်သူမှန်သမျှ၊ ပြည်တွင်းမှာ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်ထိပါးသူ အဖျက်ရန်စွယ်မှန်သမျှ တွန်းလှန်ချေမှုန်းရာမှာတော့ တင်းတင်းပြတ်ပြတ်ပဲဟေ့။ အဲဒီနေရာတွေမှာ ပျော့ညံ့နေလို့မရဘူး။

(ဠု) – ဟုတ်တာပေါ့ အဘိုးရဲ့။ ဒီလိုနေရာမျိုးတွေမှာ တပ်မတော်ဟာ မတွေဝေဘူး။ မပျော့ညံ့ဘူး၊ ဇာတိမာန်အပြည့်နဲ့ ပြတ်သားတယ်။

(ဘိုး) – နိုင်ငံတကာနဲ့ ဆက်ဆံရာမှာ ကြည့်ကြည့်၊ ပြည်သူနဲ့ဆက်ဆံရာမှာကြည့်ကြည့် တပ်မတော်ဟာ သိမ်မွေ့တယ်။ ပျော့ပျောင်းတယ်။ နိုင်ငံကို ဖြိုဖျက်ပြီး တိုင်းတစ်ပါး ဗိုလ်ကျစိုးမိုးမှုအောက် တွန်းပို့လာတဲ့ အဖျက်ရန်စွယ်မှန်သမျှကို ပြတ်ပြတ်သားသား တွန်းလှန်ဖြိုဖျက်တဲ့အတွက် တင်းမာတယ်၊ Hard Liner လို့ ပြောချင်ပြောပါစေ၊တိုင်းဆူပြည်ဖျက် သူ့ကျွန်ဘဝ ညွှန်ဗွက်ထဲ တွန်းချမယ့်သူတွေကိုတော့ ပျူပျူငှာငှာ ပြုံးကြိုနှုတ်ဆက် အလိုလိုက်နေစရာမလိုပါဘူး၊ ဒါကြောင့် သဘောထားတင်းမာတယ်လို့ ပြောနေကြတာဖြစ်မှာပေါ့။

(ဠု) – အဘိုးပြောသလို နိုင်ငံတကာနဲ့ ဆက်ဆံရာမှာတော့ ရန်လိုခြင်း၊ ငြူစူခြင်း၊ စောင်းမြောင်းခြင်း၊ ရန်စောင်ခြင်း၊ တင်းမာခြင်း လုံးဝမရှိဘူး၊ ဒါကလည်း နိုင်ငံလွတ်လပ်ရေး ရကတည်းက ကျင့်သုံးခဲ့တဲ့ ကမ္ဘာကချီးကျူးရတဲ့ နိုင်ငံခြားရေးမူဝါဒပဲလေ၊ လွတ်လပ်ပြီး တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးစွာဆက်ဆံပြီး ကမ္ဘာ့မိသားစု တာဝန်တွေကို ကုလသမဂ္ဂ အလံတော်အောက်မှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေတဲ့ မြန်မာ့ကျင့်စဉ်၊ အမြင်၊ ဝါဒ၊အယူ၊ ဘာသာ၊ ယဉ်ကျေးမှု လူမျိုးချင်းမတူကြသော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို အစဉ်စွဲကိုင်ကျင့်သုံးခဲ့တဲ့ အစဉ်အလာ၊ ဘာသာတရား၊ အဆုံးအမ၊ ရိုးရာအစဉ်အလာနဲ့ မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာ အလေးထားမှုတို့ကြောင့် မြန်မာတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရော၊ ပြည်သူ့သားသမီးတွေနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်ရော နူးညံ့သိမ်မွေ့တာဟာ ဘိုးဘွားအမွေကောင်းတစ်ခုပဲလေ။

(ဘိုး) – အေးကွယ့်–အစိုးရအဆက်ဆက် ကြိုးပမ်းသော်လည်း အကောင်အထည်မပေါ်ခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တပ်မတော်အစိုးရက ရယူတည်ဆောက်ပေးနိုင်ခဲ့တယ်။ ဒါဟာ စေတနာမှန်တဲ့ကံတရားပဲကွယ့်။ စစ်တပ်ပဲကွာလက်နက်ကိုင်ပြီး အပြုတ်တိုက်မယ်ဆိုတဲ့ သဘောထားမျိုးပယ်ပြီး ညီအစ်ကို နှောင်ဖွားချင်း ပြေပြေလည်လည် ဆွေးနွေးညှိနှိုင်း တည်ဆောက်ယူခဲ့တဲ့ ငြိမ်းချမ်းရေးပဲကွယ့်၊ နှုတ်ချိုသျှိုတစ်ပါးဆိုသလို ပြည်ထောင်စုကြီးရဲ့ မိသားစုဝင် အချင်းချင်း ဖြေရှင်းယူခဲ့တာ ပျော့ပျောင်းမှုရဲ့ ရလဒ်ကောင်းပဲ။

(ဠု) – အကြောင်းအမျိုးမျိုးကြောင့် အရင်အစိုးရတွေ မဆောင်ကြဉ်းနိုင်ခဲ့တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွေကို အခုနိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီအစိုးရက စည်းရုံးမှုနဲ့ဖော်ဆောင်ခဲ့တာပဲလေ။ ဒါတွေဟာ တိုင်းရင်းသား ပြည်သူတွေရဲ့ မျက်နှာကိုကြည့်ပြီး ပြည်သူတွေ ငြိမ်းအေးသာယာနေနိုင်ကြပါစေ၊ ဖွံ့ဖြိုးတိုးတက်တဲ့ ပတ်ဝန်းကျင်မှာ နိုင်ငံစီးပွားရေး တိုးတက်ပြီး ပြည်သူတွေ လူနေမှုအဆင့်အတန်း တိုးတက်သည်ထက်တိုးတက်ပါစေဆိုတဲ့ စေတနာကို အရင်းခံတာဖြစ်တယ်၊ ဒါကြောင့် အောင်မြင်လာတာပဲ။

(ဘိုး) – အဲဒါ နူးညံ့သိမ်မွေ့ပျော့ပျောင်းတဲ့ စေတနာလုပ်ရပ်ပေါ့။

(ဠု) – နိုင်ငံတော်အကြီးအကဲရဲ့ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်၊အလွတ်အဟာမရှိလိုအပ်သမျှ ပြည့်စုံအောင် လုပ်ရမယ်ဆိုတဲ့ လမ်းညွှန်ချက်ဟာ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်လိုတဲ့ စေတနာပဲလေ။ အခုရှေ့လုပ်ငန်းစဉ်(၇)ရပ်ဆက်လက်ဖော်ဆောင်မယ်၊ တိုင်းရင်းသား ညီအစ်ကိုအဖွဲ့အစည်းတွေနဲ့ ဆက်လက်ပြီး ပြည်ထောင်စုကြီးကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်မယ်၊ ဒါတွေဟာအမျိုးသားရေး လိုအပ်ချက်တွေချည်းပါပဲ၊ ကိုလိုနီလက်သစ်ဝါဒီတွေကတော့ သူတို့ရဲ့ တိုင်းဖျက်ပြည်ဖြိုထောင်ချောက်ထဲဝင်မှ ပျော့ပျောင်းတဲ့ Soft line၊ အဖျက်ထောင်ချောက်ထဲ တိုးမဝင်ရင် Hard line သဘောထားတင်းမာတယ်လို့ ပြောကြမှာပဲ။ ဂရုစိုက်နေဖို့ မလိုပါဘူး၊ သူတို့တစ်တွေကတော့ နိုင်ငံဖျက်၊ ကမ္ဘာဖျက်အုပ်စုတွေပဲ။

(ဘိုး) – ဟုတ်ပါ့မလားမောင်ကာဠုရဲ့။

(ဠု) – ဒါထက်တောင်ပိုသေး။ ။

## နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် ဇန်နဝါရီ ၁၂**

သာယာဝတီမြို့နယ်အသင်း (၂၇) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောကျောင်းတိုက် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးတင်လှ ဖုန်း–၅၃၇၀၀၁၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း– ၀၉–၈၀–၂၀၆၈၀၊ အတွင်းရေးမှူး ကိုထွန်းမြတ် ၆၅၂၉၀၅၊ တွဲဖက်အတွင်းရေးမှူး ကိုသက်မော်ဦး ဖုန်း– ၂၉၂၈၂၈ တို့သို့ ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြကြောင်းသိရသည်။

(က–ပ)



**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသောသောက်သုံးရေပေးဝေနိုင်ရေးအတွက် မဟာစည် ကွက်သစ်ရပ်ကွက်တွင် မြေအောက် ရေတူးဖော်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ရေဂါလန်နှစ်သိန်းဆံ့ ရေလှောင်ကန်ကို စက်တင်ဘာလမှစ၍ တည်ဆောက်လျက်ရှိရာ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေသည်ကိုတွေ့ရစဉ်။**

(က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၃–၁–၂၀၀၅ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနှာဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၅ | ၅။ မြန်မာသံစဉ်ချိုနှာဝင် |
| ၄:၃၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၄၅ | ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၄:၅၅ | ၈။ မျိုးချစ်တပ်မတော် |
| ၅:၀၅ | ၉။ **အဆေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Short Stories (The Stolen Litter) –(အင်္ဂလိပ်စာအထူးပြု) |
| ၅:၃၅ | ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၅ | ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၆။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း** |
| ၆:၅၀ | ၁၇။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပင်လယ်ကြီးလောက်ချစ်တယ်" (အပိုင်း–၃၄)** |
| ၈:၀၀ | ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၁။ မြန်မာ့ရှုခင်း |
| | ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီး ဘုန်းမီးနေလ" (အပိုင်း–၁၂)** |
| | ၂၄။ သင့်အတွက်မနက်ဖြန် |
| | ၂၅။ အပိတ်နှုတ်ဆက်စကား |
| | ၂၆။ ပြီးပါပြီ။ |

# (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး

## စီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဥပစာခန်းမ၌ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဒုတိယမြို့တော်ဝန်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပထမအကြိမ်

ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ ၁၃ရပ်ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

ဆပ်ကော်မတီ အသီးသီးအနေဖြင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ရောက်ရှိချိန်မှ နေရပ်သို့ပြန်လည်ထွက်ခွာသည်အထိ ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားရေး၊ သောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး အစရှိသည်တို့ကို အဆင်ပြေ ချောမွေ့စွာဖြင့် ကိုယ်စိတ်နှစ်ပါးချမ်းသာအောင် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆပ်ကော်မတီအသီးသီးတွင် တာဝန်ယူထားကြသည့် ကော်မတီဝင်များသည် နှစ်စဉ် လုပ်ကိုင်ဆောင်ရွက်နေကျဖြစ်သဖြင့် လုပ်ငန်းတာဝန်များကို စနစ်တကျနှင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန်ခိုင်မာလာစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ခိုင်မြဲသည်ထက် ခိုင်မြဲလာစေရန် ဝိုင်းဝန်းပါဝင်ဆောင်ရွက်နေခြင်း ဖြစ်သည်ဟု ခံယူပြီး ချို့ယွင်းလစ်ဟာမှုမရှိအောင် အလေးထား ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီ (၁၃)ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းနှင့် စီမံဆောင်ရွက်ရန် ရှိသည့် လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြသည်။





### ရှင်းလင်းတင်ပြ

ထို့နောက် ကြိုဆိုနေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ဖြေဖျော်ရေး၊ ပြန်ကြားရေး၊ ညစာစားပွဲခင်းကျင်း ကျွေးမွေးရေး၊ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများစိုက်ထူရေး၊ အလံတင် အခမ်းအနားစီစဉ်ရေး၊ ပြည်ထောင်စုနေ့ ပြပွဲခင်းကျင်းပြသရေး၊ ညစာစားပွဲ အခမ်းအနား ပြင်ဆင်မွမ်းမံရေး၊ ကိုယ်စားလှယ်များ လေ့လာရေး၊ ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းအလိုက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနေ့ ကျင်းပရေးဆပ်ကော်မတီအသီးသီး၏ အသုံးစရိတ်များနှင့် စပ်လျဉ်း၍ အစစအရာရာ ချွေချွေတာတာ သုံးစွဲကြရန်နှင့် အလေအလွင့် မရှိစေရန် ဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလွန်လေးနက် အဓိပ္ပာယ်ရှိသောနေ့ကြီး ဖြစ်သည်နှင့် အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရေးနှင့် ပြည်ထောင်စုနေ့ အခမ်းအနားကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပြည့်စုံပြီး ချို့ယွင်းအားနည်းချက်များမရှိအောင် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## အမှာစကားပြောကြား

**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## တပ်မတော်နေ့စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများ သတ်မှတ်ရက်အမီ ပေးပို့ရေးနှိုးဆော်

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ ဇန်နဝါရီ ၁၅ရက်ဖြစ်၍ ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး တပ်မတော်နေ့စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ သတ်မှတ်ရက်အမီပေးပို့ရေး သက်ဆိုင်ရာက နှိုးဆော်ထားသည်။ (သတင်းစဉ်)

## ဘင်္ဂလားဒေ့ရှ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၂**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H.E. Mr. A. K.M. Mosharraf Hossain ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

အဆိုပါဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ် ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား စွမ်းအင်ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. A. K. M. Mosharraf Hossainခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ဆွေးနွေးကြသည်။

ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၃ရက်အထိ မြန်မာနိုင်ငံ၌ နေထိုင်ကာ မြန်မာနိုင်ငံ၏ ကမ်းလွန်ဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများကို လေ့လာသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာ–ဘင်္ဂလားဒေ့ရှ်–အိန္ဒိယ သုံးနိုင်ငံအကြား

## ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၂

**မြန်မာနိုင်ငံ–ဘင်္ဂလားဒေ့ရှ်နိုင်ငံ–အိန္ဒိယနိုင်ငံ သုံးနိုင်ငံအကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့်တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. A. K. M. Mosharraf Hossainခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Mani Shankar Aiyar ခေါင်းဆောင်သော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့တို့ သည် ယနေ့နံနက် ၁၁ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံဆွေးနွေးကြသည်။** (အောက်ပုံ)



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ–ဘင်္ဂလားဒေ့ရှ်နိုင်ငံ–အိန္ဒိယနိုင်ငံ သုံးနိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ၌လည်းကောင်း၊ ရခိုင်ကမ်းလွန်ဒေသမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက် လည်းကောင်း၊ ကမ်းလွန်ဒေသမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြတ်သန်း၍ အိန္ဒိယနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်းရောင်းချရေးအတွက် လည်းကောင်း၊ အခြားရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌ လည်းကောင်း သုံးနိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

## မူးယစ်ဆေးဝါးပညာပေး လက်ထိုးရုပ်ပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် တာမွေမြို့နယ် ပညာရေးဌာနတို့ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ထိုးရုပ်ပြပွဲကို တာမွေမြို့နယ် အမှတ်(၂၆)အခြေခံပညာ မူလတန်းကျောင်း၌ ယနေ့ကျင်းပသည်။

ပြပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ကော်မတီဝင် ဒေါ်စမ်းယဉ်တင့်နှင့် အသင်းသားများက မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး လက်ထိုးရုပ် သရုပ်ပြသကြသည်။ အဆိုပါလက်ထိုးရုပ် ပြပွဲကို ဖေဖော်ဝါရီ ၁ရက်အထိ တာမွေမြို့နယ် အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းပေါင်း ၃၀၌ လှည့်လည်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)





**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

**➪ မြန်မာသမိုင်းမှ**

ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာသမိုင်းပညာရှင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ စာတမ်းဖတ်ကြားမည့် ပြည်တွင်းပြည်ပမှ စာတမ်းရှင်များနှင့် လေ့လာသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာသမိုင်းအဖွဲ့ကို မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ခုနစ်နှစ်အကြာ ၁၉၅၅ ခုနှစ်က တည်ထောင်ခဲ့ကြောင်း၊ သက်တမ်းနုနယ်သေးသည့် နိုင်ငံတော်ကြီးသည် စိန်ခေါ်မှုမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသည့်အထဲတွင် နိုင်ငံတော်တည်ဆောက်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော၊ အချိန်အခါနှင့်လည်း လိုက်လျောညီထွေရှိသော မြန်မာသမိုင်း ပြန်လည်ပြုစုရေးသည် စိန်ခေါ်မှုတစ်ခုအဖြစ် ပါဝင်ခဲ့ကြောင်း။

မြန်မာသမိုင်းကျမ်းသည် ရှေးကတည်းက ရှိခဲ့ကြောင်း၊ နိုင်ငံတွင် ကျော်ကြားသည့် မြန်မာပညာရှင်များက ဘုရင့်မှန်နန်းတော်ဦးတွင် စုပေါင်းရေးသားခဲ့ကြသည့် မဟာရာဇဝင်ကြီးသည် ခမ်းနားကြီးကျယ်ပြီး သမိုင်းအချက်အလက် စုံလင်သော ကျမ်းတစ်ဆူဖြစ်ကြောင်း၊ သို့ရာတွင် မင်းကို ဗဟိုပြုပြီး ရေးသားထားသည့်အတွက် သူ့ကျွန်ဘဝရောက်ခဲ့သော ၁၈၈၅နောက်ပိုင်းတွင် အခြေအနေနှင့် မဆီလျော်တော့သကဲ့သို့ ဖြစ်လာရကြောင်း။

ဗြိတိသျှတို့က သူတို့နှင့်အတူ သမိုင်းသစ်ကိုလည်း ယူဆောင်လာခဲ့ကြောင်း၊ သမိုင်းသစ်က ခမ်းနားကြီးကျယ်သကဲ့သို့ အတွဲပေါင်းများစွာဖြင့် နေရာလည်းအတော်ယူခဲ့ကြောင်း၊ လက်အောက်ခံများကို ယဉ်ကျေးစေရန် ကြိုးပမ်းသည်ဆိုသည့် နယ်ချဲ့သမိုင်းဖြစ်ပြီး ကမ္ဘာကြီးကို ဖြန့်ကြက်အုပ်မိုးထားကြောင်း။

အမျိုးသားရေးစိတ်ဓာတ် ထွန်းကားလာသည့် ကိုလိုနီခေတ်နှောင်းပိုင်းတွင် မြန်မာသမိုင်း ရေးသားမှုတစ်ရပ် ပေါ်လာခဲ့ကြောင်း၊ ရာဇဝင်ကျမ်းများထဲက ထင်ရှားသည့်သူရဲကောင်းများ၊ အဖြစ်အပျက်ကြီးများကို စုစည်းရေးသားခဲ့ခြင်းဖြစ်ကြောင်း။

၁၉၅၅ခုနှစ်က ဖွဲ့စည်းခဲ့သော သမိုင်းအဖွဲ့တွင် အဖွဲ့ဝင်အများစုသည် ရန်ကုန်တက္ကသိုလ်က ပါမောက္ခများ ဖြစ်ကြောင်း၊ ယင်းပါမောက္ခကြီးများသည် နောင်အခါတွင် ၎င်းတို့နေရာကို ဆက်ခံကြမည့် ပညာရှင်များကို မွေးထုတ်ပေးရာ ရန်ကုန်တက္ကသိုလ်ကြီးကို အမျိုးသားတက္ကသိုလ်ကြီးအဖြစ် ပြောင်းလဲနိုင်ရေးအတွက် လိုအပ်သည့် ရုပ်ဝတ္ထုပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားရေးဌာနကြီးများ ထူထောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင် လုပ်ဆောင်ခဲ့ကြရသူများ ဖြစ်ကြောင်း။



**မြန်မာသမိုင်းအဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**
(သတင်းစဉ်)

စည်သူဦးကောင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် သမိုင်းအဖွဲ့ဝင်များသည် လေးနက်သောတာဝန်ကို ထမ်းဆောင်ခဲ့ကြရကြောင်း၊ ၎င်းတို့သည် အနောက်တိုင်းနိုင်ငံများကို သွားရောက် ပညာသင်ကြားခဲ့သူများ ဖြစ်ပြီး တချို့သည် ဘွဲ့လွန်ပညာများကို ဆည်းပူးရရှိလာကြသူများ ဖြစ်ကြောင်း၊ သုတေသနနှင့် နိုင်ငံတကာစံနှုန်းများတွင် အဆင့်မီအောင် ကျင့်သားရထားသူများဖြစ်၍ ရေးသားမှုများ စံမီကြကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေ၊ မြန်မာ့လူမှုတန်ဖိုးနှင့် မြန်မာ့အမြင်တို့ကို ပုံဖော်သည့် သမိုင်းရေးသားမှုကိုလည်း သတိမူမိခဲ့ကြကြောင်း၊ စိန်ခေါ်မှုများကြားက သမိုင်းရေးသားမှုနည်းသစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့ကြကြောင်း။

မြန်မာသမိုင်းအဖွဲ့သည် မျိုးဆက်မပြတ်ဘဲ ယနေ့တိုင် ရှင်သန်နေကြောင်း၊ ယနေ့ဆောင်ရွက်နေသည့် အဖွဲ့ဝင်များသည်မူလအဖွဲ့ဝင်များ၏ တပည့်များ၊ အတူလုပ်ကိုင်ခဲ့ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ အနှစ် ၅၀ အတွင်းတွင်မြန်မာနိုင်ငံသည် အပြောင်းအလဲများစွာဖြင့် ကြုံခဲ့ရကြောင်း၊ စိန်ခေါ်မှုသစ်များကိုလည်း ရင်ဆိုင်ရကြောင်း၊ အဖွဲ့ဝင်များသည် ပညာရပ်ဆိုင်ရာ တာဝန်ရှိမှုစံများနှင့် စည်းကမ်းများကို တင်းကျပ်စွာလိုက်နာပြီး စိန်ခေါ်မှုများကို အပြုသဘောဖြင့် အစဉ်တုံ့ပြန်ခဲ့ကြကြောင်း။

**အားထားရသည့်နေရာ**

သမိုင်းရေးသားမှုအပေါ် ယုံကြည်ကိုးစားနိုင်ရန် အထောက်အထား စုဆောင်းမှုကိုလည်းမြန်မာသမိုင်းအဖွဲ့က အလေးပေးအားစိုက်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ပွင့်လင်းရာသီရောက်တိုင်း သမိုင်းအဖွဲ့များသည် ကျောက်စာမင်စာများရေးကူးခြင်း၊ တွေ့ရှိချက်အသစ်များကို ပဏာမလေ့လာခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ပေပုရပိုက်များနှင့် သမိုင်းမှတ်တမ်းများကို မိုက်ကရိုဖလင် တင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မြန်မာ့မှတ်တမ်းများရှိသည့် အိန္ဒိယရုံးစာကြည့်တိုက်နှင့် မှတ်တမ်းမော်ကွန်းတိုက်တို့လို ပြည်ပနေရာများကို သွားရောက်ကူးယူခြင်းလည်းရှိကြောင်း၊ ယခုအခါတွင် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနသည် မြန်မာသမိုင်း အထောက်အထားများနှင့် ပတ်သက်ပြီး အားထားရသော နေရာတစ်ခုဖြစ်နေပြီဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပကပညာရှင်များ လေ့လာနိုင်ရန် အမြဲ လမ်းဖွင့်ပေးထားနိုင်ပြီဖြစ်ကြောင်း၊ မြန်မာသမိုင်းပညာရှင်များကို အထူးအကျိုးပြုသည့်နေရာပင် ဖြစ်ကြောင်း။

အဖွဲ့၏လုပ်ဆောင်ချက်များသည် အဖွဲ့၏ပညာရပ်ကိုသာအကျိုးဖြစ်ထွန်းစေသည်မဟုတ်ဘဲ သမိုင်းကိုစိတ်ဝင်စားလာအောင် မြန်မာ့လူ့ဘောင်ကို ဆော်ဩပေးနိုင်ခဲ့ကြောင်း၊ မြန်မာသမိုင်းအဖွဲ့က ထုတ်သောကျမ်းများ အပြင် ပြင်ပပညာရှင်များရေးသည့် သမိုင်းကျမ်းများလည်း ရှိကြောင်း၊ ယင်းကျမ်းများသည် အဆင့်မြင့်သည့် အတွက် အမျိုးသားစာပေဆုများလည်းရခဲ့ကြကြောင်း၊ ပြီးခဲ့သည့်လက အမျိုးသား စာပေဆုပေးပွဲတွင် ယင်းအဖွဲ့နှင့်မကင်းသည့် ပညာရှင်နှစ်ဦးသည် အမျိုးသားစာပေဆုများ ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ၎င်းသည် ဂုဏ်ယူစရာကောင်းသည့် အချက်တစ်ခုဖြစ်ကြောင်း။

> **မြန်မာသမိုင်းကျမ်းသည် ရှေးကတည်းက ရှိခဲ့၊ နိုင်ငံတွင် ကျော်ကြားသည့် မြန်မာပညာရှင်များက ဘုရင့်မှန်နန်းတော်ဦးတွင် စုပေါင်းရေးသားခဲ့ကြသည့် မဟာရာဇဝင်ကြီးသည် ခမ်းနားကြီးကျယ်ပြီး သမိုင်းအချက်အလက် စုံလင်သော ကျမ်းတစ်ဆူဖြစ်။**
>
> **သို့ရာတွင် မင်းကို ဗဟိုပြုပြီး ရေးသားထားသည့်အတွက် သူ့ကျွန်ဘဝ ရောက်ခဲ့သော ၁၈၈၅နောက်ပိုင်းတွင် အခြေအနေနှင့် မဆီလျော်တော့သကဲ့သို့ ဖြစ်လာရ။**

**အသိအမြင်ဖလှယ်**

သမိုင်းပညာလေ့လာမှု ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် မိမိတို့၏ ပညာရှင်များကို နိုင်ငံတကာဆွေးနွေးပွဲများ တက်ရောက်ပြီး နိုင်ငံတကာ သုတေသန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ အားပေးနေကြောင်း၊ ယခုကဲ့သို့ သမိုင်းအဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုသဘင်တွင် နိုင်ငံတကာက ပညာရှင်များလာရောက်ကြပြီး အသိအမြင်များ လွတ်လပ်စွာ ဖလှယ်နိုင်ကြ၊ ဆွေးနွေးနိုင်ကြခြင်းသည်ကာလဒေသနှင့်လိုက်ဖက်ညီညွတ်ကြောင်း၊ တက်ကြွလှုပ်ရှားသည့် ဆွေးနွေးပွဲကြီး ဖြစ်မြောက်ပါစေ၊ မြန်မာနိုင်ငံအတွင်း နေထိုင်စဉ်ကာလတွင် ပညာရှင်များ ချမ်းမြေ့ပျော်ရွှင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက်မြန်မာသမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စာတမ်းဖတ်ကြားမည်**

အဆိုပါမြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာ စာတမ်းဖတ်ပွဲကို ယနေ့မှ ဇန်နဝါရီ ၁၄ရက်အထိ စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်ပနိုင်ငံ ၁၄ နိုင်ငံတို့မှ စာတမ်းရှင် ၅၀ အပါအဝင် ပြည်တွင်းပြည်ပစာတမ်းရှင် ၆၇ဦးတို့က စာတမ်းပေါင်း ၆၇စောင်ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။ (သတင်းစဉ်)



**လှိုင်မြို့နယ် (၁)ရပ်ကွက်၊ ဗဟိုလမ်း နန္ဒဝန်ခြံအမှတ်(၈၁၇)နေ ကွယ်လွန်သူ ဦးလှမင်း(မင်းမင်း) အားရည်စူး၍ မိခင် ဒေါ်ဆွေဆွေ၊ ဇနီး ဒေါ်နီနီလွင် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီးကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဒီဇင်ဘာ ၂၁ရက်က ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## စိတ်ပညာမိသားစု အာစရိယပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းအသီးသီးတို့တွင် စိတ်ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားဟောင်းများစုံစုံညီညီပါဝင်တက်ရောက်၍ ဂါရဝပြုနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)



## လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီက အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်(မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇)တွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးဗထွေး(ငြိမ်း)က အမှာစကားပြောကြားကာ သက်ကြီးဘိုးဘွား ၁၈ဦးတို့အား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၌မြန်မာတစ်ပြည်လုံးအဋ္ဌမဆုရမောင်နေမျိုးလင်း၊ ဘာသာစုံဂုဏ်ထူးနှင့်မြန်မာတစ်ပြည်လုံး မြန်မာစာအမှတ်အများဆုံးဆုရ မသီရိအောင် **(အပေါ်ပုံ)**၊ ဘာသာစုံဂုဏ်ထူးရှင် မောင်ကျော်မျိုးလွင်တို့အပါအဝင် ထူးချွန် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရွှေတံဆိပ် လေးဆုရှင် မောင်သက်လွင်အောင်ထွန်းနှင့် ရွှေတံဆိပ်နှစ်ဆုရှင် မလွင်လွင်ချိုထွန်းတို့ကိုလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။ (က-ပ)



ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့်တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. A.K.M Mosharraf Hossain အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**❍ နိုင်ငံတော်မှ**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. A.B. Manjoor Rahim လည်း တက်ရောက်သည်။ (သတင်းစဉ်)

# ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ကျင်းပ မြန်မာအသင်းက ရွှေ ခုနစ်ခု၊ ငွေ ငါးခု၊ ကြေး ခုနစ်ခုဖြင့် ဆက်လက်ဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၁၂

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဂျူရီအဖွဲ့ဝင်များ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် အိမ်ရှင် မြန်မာနိုင်ငံတို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် မြားပစ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**

ရှေးဦးစွာ နံနက် ၉ နာရီတွင် အမျိုးသမီး Recurve တစ်ဦးချင်းရှုံးထွက် ပြိုင်ပွဲ (Individual Event)နှင့် အမျိုးသား Compound တစ်ဦးချင်း ရှုံးထွက် ပြိုင်ပွဲ (Individual Event) များကို ကျင်းပသည်။

**ချီးမြှင့်**

ထို့နောက် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်ညွန့်ညွန့်ဦးက ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသမီး Recurve မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိသည့် Ms. Shamani Ganesan (မလေးရှား)၊ ဒုတိယရရှိသည့် Ms. Anbarasi Subramanian (မလေးရှား)နှင့် တတိယရရှိသည့် Ms. Man Redee Sut Txi (မလေးရှား) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင် နာယက အဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးက ယနေ့ကျင်းပသည့် အမျိုးသမီး Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) တွင် ပထမရရှိသည့် Ms. Anbarasi Subramanian(မလေးရှား)၊ ဒုတိယရရှိသည့် Ms. Susidwi Megasari (အင်ဒိုနီးရှား)နှင့် တတိယရရှိသည့် Ms. Man Redee Sut Txi (မလေးရှား) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသား Compound မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိသည့် ပေါ်ဦး၊ ဒုတိယရရှိသည့် မျိုးအောင်စန်းနှင့် တတိယရရှိသည့် လင်းနိုင်တို့ အားလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ယနေ့ ကျင်းပသည့် အမျိုးသား Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) တွင် ပထမရရှိသည့် ပေါ်ဦး၊ ဒုတိယရရှိသည့် မျိုးအောင်စန်းနှင့် တတိယရရှိသည့် ရဲမင်းဆွေတို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ရွှေစောင်းဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် ညနေပိုင်းတွင် အမျိုးသမီး Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) နှင့် အမျိုးသား Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) များကို ဆက်လက်ကျင်းပသည်။

ဆက်လက်၍ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများက ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသမီး Compound မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ ပထမ ယုနန္ဒာထိုက်၊ ဒုတိယ သင်းသင်းခိုင်နှင့် တတိယ မေရီဆန်း၊ ယနေ့ကျင်းပသည့် အမျိုးသမီး Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) ပထမ ယုနန္ဒာထိုက်၊ ဒုတိယ သင်းသင်းခိုင်နှင့် တတိယ ကေသီ၊ ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသား Recurve မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ ပထမ Mr. Cheng Chu Sian (မလေးရှား)၊ ဒုတိယ Mr. Kuswantoro (အင်ဒိုနီးရှား)နှင့် တတိယ Mr. MD Marbawi Sulaiman (မလေးရှား)၊ ယနေ့ ကျင်းပသည့် အမျိုးသား Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ (Individual Event) ပထမ ညီညီထွန်း၊ ဒုတိယ ထွန်းလင်းအောင်နှင့် တတိယ Mr. MD Marbawi Sulaiman (မလေးရှား)တို့အား ဆုတံဆိပ်များနှင့် ရွှေစောင်းဆုများကို ချီးမြှင့်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများတွင် မြန်မာအသင်းက ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် နှစ်ခု ရရှိပြီး ပြိုင်ပွဲနှစ်ရက် ကျင်းပအပြီးတွင် စုစုပေါင်း ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် ခုနစ်ခု ရရှိကာ ပြိုင်ပွဲကို ဦးဆောင်နေသည်။

ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် အသင်းလိုက် ပြိုင်ပွဲများကို နောက်ဆုံးနေ့အဖြစ် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသား Compound ရှုံး/ထွက် တစ်ဦးချင်း မြားပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ ပေါ်ဦး၊ ငွေတံဆိပ်ဆုရ မျိုးအောင်ဆန်းနှင့် ကြေးတံဆိပ်ဆုရ ရဲမင်းဆွေတို့အား ဆုချီးမြှင့်အပြီး တွေ့ရစဉ်။
စိုးညွန့် (ကြေးမုံ)

## ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ဇယား

(၁၁-၁-၂၀၀၅ မှ ၁၂-၁-၂၀၀၅) အထိ

| စဉ် | နိုင်ငံ | အမျိုးသား Compound | | | အမျိုးသမီး Compound | | | အမျိုးသား Recurve | | | အမျိုးသမီး Recurve | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး |
| ၁ | မြန်မာ | ၃ | ၂ | ၃ | ၃ | ၂ | ၂ | ၁ | ၁ | ၁ | - | - | ၁ | ၇ | ၅ | ၇ |
| ၂ | မလေးရှား | - | - | - | - | - | - | ၂ | - | ၂ | ၃ | ၁ | ၂ | ၅ | ၁ | ၄ |
| ၃ | အင်ဒိုနီးရှား | - | - | - | - | - | - | - | ၂ | - | - | ၂ | - | - | ၄ | - |
| ၄ | ထိုင်း | - | ၁ | - | - | - | - | - | - | - | - | - | - | - | ၁ | - |
| ၅ | ဗီယက်နမ် | - | - | - | - | ၁ | - | - | - | - | - | - | - | - | ၁ | - |
| ၆ | လာအို | - | - | - | - | - | - | - | - | - | - | - | - | - | - | - |

## ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပုသိမ်အသင်း(ရန်ကုန်)မှ (၈၄)နှစ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ပညာသင် ထောက်ပံ့ကြေး ချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃ (စီ) ဇရာဝတီတိုင်းမွော်ရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့် အထက် ရာသက်ပန်အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၃-၂၀၀၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ဥက္ကဋ္ဌ ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်) ဖုန်း-၆၆၁၂၄၂၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၂၉၀၄၇၇၊ ၂၉၇၉၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃၊ ပုသိမ်အသင်းတိုက် ဖုန်း-၃၇၉၂၅၈ တို့သို့ ဆက်သွယ်၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိများ၊ ပြည်နယ်၊ တိုင်းတရားသူကြီးများ၊ တွဲဖက် ညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တရားရုံးချုပ် (ရန်ကုန်)နှင့် (မန္တလေး)တို့မှ ညွှန်ကြားရေးမှူးချုပ်များက (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ တရားရုံးချုပ်မှ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီး အသီးသီးက တရားစီရင်ရေး အခြေအနေများနှင့် တရားရုံးလုပ်ငန်း အခြေအနေများကို ပြည်နယ်၊ တိုင်းနှင့် ခရိုင်အလိုက် ရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီအစည်းအဝေး

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၅၆)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက်တွင်လည်းကောင်း၊ အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နိုင်ငံလုံးဆိုင်ရာညီလာခံကို ဇန်နဝါရီ ၂၈ ရက်တွင်လည်းကောင်း ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

**ဘိုးဘိုး ဦးစိုင်းအောင်ကျော် (၂) နှစ်ပြည့်အား ရည်စူး၍ ဘွားဘွား ဒေါ်နန်းအုန်းခင်၊ မိဘ ဦးမြင့်ထွေး-နန်းသန်းသန်းနုတို့အား အမှူးထားပြီး အမှတ်(၁၇၀) ၄ဝါလမ်း အလုံမြို့နယ်နေ မောင်ဆက်ပိုင်ဦးက (၁၄)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဇီဝိတ ဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို ဒီဇင်ဘာ ၂၀ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။** (က-ပ)



# ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော် အစွန်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီး နိုင်ငံသားတိုင်းနှင့်သက်ဆိုင်ပြီး သားစဉ်မြေးဆက် လက်ဆင့်ကမ်းရမည့်အမျိုးသားရေးမူဝါဒများဖြစ်

✧ **နယ်စပ်ဒေသမှ**

ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသနေပြည်သူများနှင့် လက်တွဲဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ ကရင်ပြည်နယ် မြဝတီခရိုင် သင်္ကန်းညီနောင်သို့ နံနက် ၁၀နာရီတွင် ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်သိန်း၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## မြဝတီမြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါလျက်မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မြဝတီမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားပေါ်မှ သောင်ရင်းမြစ် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက မြဝတီခရိုင်၏ တည်နေရာ၊ လူဦးရေ၊ နယ်မြေအေးချမ်းသာယာရေးဆောင်ရွက်မှုအခြေအနေ၊ ရာသီဥတုနှင့် မိုးရွာသွန်းမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း မိုးစပါးနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ဒေသဆန်ဖူလုံရေးအတွက် စီမံဆောင်ရွက်ထားမှု၊ နှစ်ရှည်သီးနှံများဖြစ်သည့် သစ်ဆိမ့်၊ ရော်ဘာ၊ ငရုတ်ကောင်း၊ ကော်ဖီ၊ ပျားလိမ္မော်၊ သရက်စိုက်ပျိုးထားမှု၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဒေသကြက်၊ ဘဲနှင့် သားငါးမွေးမြူထားရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေ၊ မြဝတီမြို့နယ်အတွင်း စက်မှုဇုန်နှင့် စီးပွားရေးဇုန်တည်ဆောက်ရန် မြေနေရာ ရွေးချယ်သတ်မှတ်ပြီးမှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်တို့ကို ရှင်းလင်းတင်ပြသည်။

## အောင်မြင်မှုများရရှိ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် ထာဝစဉ်ဖြစ်ထွန်းနေစေရအောင်၊ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့်အတူ လိုက်ပါနေနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ပူးပေါင်းပါဝင်မှုများကြောင့် အောင်မြင်မှုများရရှိလျက်ရှိနေကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားပေါ်မှ သောင်ရင်းမြစ် ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအပြီးတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ထို့ပြင် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများဖြစ်သည့် တိုင်းရင်းသားညီနောင်အချင်းချင်း လက်နက်ကိုင်ဆန့်ကျင်မှုများ၊ နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ယွင်းမှုများ၊ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရမှုများ၊ ဘိန်းစိုက်ပျိုးမှုများစသော အနိဋ္ဌာရုံများ ပျောက်ကွယ်သွားစေရအောင် တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း။

## ဆက်လက်ပါဝင်

နိုင်ငံတော်အစိုးရဟာ ကျေးလက်ဒေသများပါမကျန် နယ်မြေဒေသများအားလုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခုဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ရှေ့တွင်လည်း ဆက်လက်ဆောင်ရွက်သွားရဦးမည်ဖြစ်ရာ ယခုအရှိန်အဟုန်အတိုင်း အစဉ်အလာမပျက် ဆက်လက်ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မြဝတီမြို့သည် နယ်စပ်မြို့ဖြစ်သည့်အတွက် ဤဒေသနေပြည်သူများအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်အကျိုးမျှတစွာ ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက လက်ရှိနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွင် ကရင်ပြည်နယ် မြဝတီခရိုင်၏ အရေးပါမှုကိုလည်းကောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ မိမိတို့၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ မူဝါဒများကို ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အိမ်နီးချင်းနိုင်ငံနှင့် ကုန်သွယ်မှုအခြေအနေ၊ ကုန်သည်များ သိရှိလိုက်နာရမည့် အချက်များ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများ စည်းကမ်းတကျဖြစ်ထွန်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့် အဖွဲ့သည် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်လမ်းကြောင်းများ စနစ်တကျ ဖြစ်ထွန်းလာစေရေးတို့အတွက် လေ့လာကြည့်ရှုပြီး ဆောင်ရွက်ပေးဖွယ်ရာများကိုဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ အချင်းချင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများတွင် မြဝတီမြို့သည် အရေးပါသည့်တံခါးပေါက်တစ်ခုဖြစ်သည်နှင့်အညီ မြဝတီမြို့ကိုလည်း ခရိုင်အဆင့် တိုးမြှင့်ပေးခဲ့ပြီး ခရိုင်အဆင့် မြို့အင်္ဂါရပ်များနှင့် ညီညွတ်စေရန် တိုးမြှင့်ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊

## နယ်မြေအေးချမ်းမှုပျက်ယွင်း

နယ်စပ်ဒေသများတွင် ပေါ်ပေါက်ခဲ့ရသည့် လက်နက်ကိုင်ဆန့်ကျင်မှုများကြောင့် နယ်မြေအေးချမ်းမှု ပျက်ယွင်းခဲ့ရပြီး ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးများပါ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် နောက်ကျကျန်ရစ်ခဲ့ရသည့် အဖြစ်မျိုးနှင့် တွေ့ကြုံခဲ့ကြရကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အလျင်အမြန်ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် မိမိဦးဆောင်သည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် အနီးကပ်ဆောင်ရွက်ပေးနိုင်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ





## အမှာစကား ပြောကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် မြဝတီမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)





✪(၅၇)နှစ်မြောက်မှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်နိုင်ငံဘုရင်မင်းမြတ် အာကီဟီတိုထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစေရန်လည်းကောင်း၊ မြန်မာပြည်သူများ တိုးတက်ကြွယ်ဝစေရန်လည်းကောင်း လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်းပို့သ အပ်ပါကြောင်း ဖော်ပြထားသည်။

(ကြေးမုံ)

ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန သီးခြားဖွဲ့စည်း ပေးခဲ့ပြီး နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာအောင် ဖိဖိစီးစီး ဆောင်ရွက်ပေးခဲ့ကြောင်း။

### အကျိုးရလဒ်ကောင်းများ

ထို့ပြင် နယ်စပ်ဒေသများ အေးချမ်းသာယာလာသည်နှင့်အမျှ နယ်စပ်ဒေသများ၏ လုံခြုံရေးအခြေအနေများ ကောင်းမွန်တိုးတက်လာခဲ့ပြီး အုပ်ချုပ်ရေး ပိုမိုစနစ်ကျန ကောင်းမွန်စေရန်လည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အကျိုးရလဒ်ကောင်းများအနေဖြင့် ဒေသနေ တိုင်းရင်းသား ပြည်သူများအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားလာခဲ့ကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေတိုင်းရင်းသားပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရကိုယ်စား ဒေသအလိုက် အနီးကပ် တာဝန်ယူဆောင်ရွက်နေကြသည့် ဝန်ထမ်းများအနေ



## ဆွေးနွေး မှာကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဖဒိုအောင်ဆန်းအား ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေး မှာကြားစဉ်။** (သတင်းစဉ်)

ဖြင့် နိုင်ငံတော်၏ တိုင်းရင်းသားများအပေါ်ထားရှိသည့် စေတနာကောင်းများ အောင်အောင်မြင်မြင် ဖြစ်ထွန်းလာစေရအောင် စေတနာထားပြီး ကြိုးစားဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း။

တပ်မတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ တာဝန်စတင်ယူစဉ်ကပင် နိုင်ငံတော်အတွက် အထူးအရေးကြီးသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးတည်ချမှတ်ခဲ့ကြောင်း။

### အမျိုးသားရေးမူဝါဒ

ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်းနှင့် သက်ဆိုင်ပြီး သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်း ထိန်းသိမ်းသွားရမည့် အမျိုးသားရေးမူဝါဒများပင်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ်တို့ကိုလည်း ချမှတ်ခဲ့ပြီး ယင်းဦးတည်ချက်များ အတိုင်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများ ဖြစ်ထွန်းလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ တိုးပွားဖြစ်ထွန်းလျက်ရှိနေကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း များစွာ ပေါ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

### လုပ်ငန်းစဉ်များချမှတ်

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ရိုးရာ၊ ဓလေ့၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝနှင့် ဆီလျော်ညီညွတ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

အဆိုပါစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေပြီဖြစ်ရာ နိုင်ငံသားအားလုံးအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ကုန်ချကွင်းတို့ကိုလည်းကောင်း၊ မြဝတီမြို့နှင့် သင်္ကန်းညီနောင်ကားလမ်း၊ ရွာသစ်ကျေးရွာအနီး၌ အသစ်တည်ဆောက်မည့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်ချကွင်းမြေနေရာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်ဖြင့် မွန်းလွဲပိုင်းတွင် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဖဒိုအောင်ဆန်းအား လက်ဆောင်ပစ္စည်းများနှင့် ငြိမ်းချမ်းရေးအဖွဲ့မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ပေးအပ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်ဖြင့် ဘားအံမြို့မှ ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ ဘုရားကုန်းဒေသ ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဖဒိုအောင်ဆန်းအား ဘားအံမြို့ အမှတ်(၂၂) ခြေမြန် တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



**စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက် ရှိနေပြီဖြစ်ရာ နိုင်ငံသားအားလုံးအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးလုပ်ငန်းစဉ်များတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်။**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၃–၁–၂၀၀၅ (ကြာသပတေးနေ့ )

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၈:၀၀ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ အကပဒေသာ

၈:၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၃၅ ၇။ တေးဂီတအစီအစဉ်

၅:၅၅ ၈။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၆:၁၀ ၉။ သက်တံရောင်သံစဉ်

၆:၃၀ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူချွန်လူကောင်း(အပိုင်း–၄၅)**

၇:၃၀ ၁၃။ တေးဂီတအစီအစဉ်

၇:၄၅ ၁၄။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရှေးရှု "သောက်သုံးရေနှင့်စီးပွားရေး အခြေခံကျေးလက်ဒေသ ထူထောင်ရန်"

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်းကင်ကို ခေါင်းတင်လို့ မေးလိုက်ချင်"(အပိုင်း–၁) (နိုင်းနိုင်း၊နန္ဒာလှိုင်) [ဒါရိုက်တာ–မောင်မောင်ဦး (စနိုးဝှိုက်)]**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

❍ **ပြည်သူများမှ**

၂၁သန်းကျော်သော အသင်းဝင်အင်အားနှင့် ဦးတည်ချက်၊ ရည်မှန်းချက်တူ မိတ်ဖက် အဖွဲ့အစည်းများဖြစ်သည့် စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မီးခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်များ၊ ပြည်သူများနှင့် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်းဆင်းပွဲတွင် **"အရေအတွက်သည် အင်အားမဟုတ်ဘဲ အရည်အချင်းရှိမှသာ အင်အားဖြစ်လို့ အရေအတွက်ကို အရည်အချင်းအဖြစ် ကူးပြောင်းရေးအတွက် ယုံကြည်ချက်၊ ခံယူချက်ဖြစ်တဲ့ စိတ်ပိုင်းဆိုင်ရာဘဝကို အခိုင်အမာတည်ဆောက်ပေးရန်လိုကြောင်း၊ အသင်းကြီးရဲ့ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ တာဝန်များကို အမှန်တကယ် ယုံကြည်သက်ဝင်ပြီး အခွင့်အရေးတည်းဟူသော အကြောင်းကြောင့်လည်းကောင်း၊ အသက်အန္တရာယ်တည်းဟူသော အကြောင်းကြောင့်လည်းကောင်း အသင်းကြီးကို စွန့်ခွာမသွားသည့် အရည်အချင်းပြည့်ဝသော အင်အားများဖြစ်လာအောင် ကျစ်လျစ်သိပ်သည်းခိုင်မာသော စည်းရုံးရေးကို တည်ဆောက်ရမယ်လို့"** လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နာယကကြီး၏ လမ်းညွှန်ချက်အတိုင်း သန်းချီသော အသင်းဝင်များကို အရေအတွက်သာမက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ အရည်အချင်းနှစ်ရပ်လုံး တိုးတက်လာစေရန် စီမံချက်များချပြီး စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှု ပညာသင်တန်းသည် ဤလေ့ကျင့်ပျိုးထောင်မှုများထဲက တစ်ခုဖြစ်ကြောင်း။

### လေ့ကျင့်ပျိုးထောင်

အသင်းဝင်များကို အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်စသည့် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းကောင်းများ လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် တစ်ဖက်က ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးဖြစ်ပေါ်လာလျက်ရှိသော နိုင်ငံ၏ အခြေခံကောင်းများကို အပြည့်အဝ အသုံးချပြီး နိုင်ငံတော်ကြီးကို တိုးတက်သည်ထက် တိုးတက်အောင်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ဝတ္ထုပိုင်းအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုသည် သဟဇာတရှိရှိ အပြန်အလှန်အကျိုးပြု ဖွံ့ဖြိုးတိုးတက်နေမှလည်း နိုင်ငံတော်ကြီးသည် ကမ္ဘာတည်သရွေ့ အခွန့်ရှည်တည်တံ့ပြီး တိုင်းရင်းသား ပြည်သူများ၏ ဘဝသည်လည်း ပြည့်စုံနေမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးနှင့် ဒေသစည်းရုံးရေးကို တစ်ပြိုင်တည်း ပြည်သူများကို စိတ်ဝင်စားစွာလေ့လာပြီး လိုအင်ဆန္ဒအခက်အခဲများကို ကူညီဖြေရှင်းပေးရင်း ရင်းနှီးယုံကြည် အားကိုးမှုရရှိလာပြီး လက်တွေ့အကျိုးပြုလုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်ရင်း ပြည်သူများကို မှန်ကန်စွာ စည်းရုံးဦးဆောင်လှုပ်ရှားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးများကို လက်တွေ့လုပ်ကိုင်ခြင်းဖြင့် အသင်းကြီး၏ ဦးတည်ချက် လုပ်ငန်းစဉ်များအပေါ် ဒေသခံပြည်သူများ ယုံကြည်လက်ခံလာပြီး ကိုယ်ပိုင်အသိတရားနှင့် ထောက်ခံအားပေးမှုများ ပိုမိုရရှိလာအောင် စည်းရုံးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အသင်းဝင်များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာပြီး အရည်အချင်းပြည့်ဝသော အရေအတွက်များဖြစ်ရန် လိုအပ်ကြောင်း။

### အရေးပါမှုကိုနားလည်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အမျိုးသားရေးအသင်းကြီးဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ အသင်းဝင်များသည် မိမိတို့ပါဝင်ဆောင်ရွက်ကြရမည့် တာဝန်၏အရေးပါမှုကို သိရှိနားလည်ရန်လိုကြောင်း၊ မိမိတို့ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် ဖြစ်ထွန်းလာမည့် အကျိုးဆက်ရလဒ်ကောင်းများကိုလည်း မြင်တတ်ရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် စိတ်ကောင်း၊ စေတနာကောင်းဖြင့် လမ်းခင်းပံ့ဖော် တည်ဆောက်ပေးနေမှုကိုလည်း သိရှိနားလည်ရန်လိုကြောင်း၊ ယင်းသို့ ပံ့ဖော်တည်ဆောက်သည့်နေရာတွင် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် အသင်းကြီးက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူများနှင့် လက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

သင်တန်းတက်ရောက်ရာမှရရှိလာမည့် အသိပညာ၊ အတတ်ပညာများကိုလည်း လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးပြုနိုင်အောင်လည်း မပြတ်လေ့ကျင့်နေကြရန်ကိုလည်း မှာကြားလိုကြောင်း၊ သင်တန်းသားများသည် ပြည်နယ်၊ တိုင်းအသီးသီးက ရွေးချယ်တာဝန်ပေးသူများဖြစ်ကြသည့်အတိုင်း သင်တန်း၌သာမက သွားလာပြုမူဆက်ဆံရာတွင်ပါ စံနမူနာပြဖြစ်အောင် ကျင့်ကြံနေထိုင်ပြီး ကျရာတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်သွားကြပါဟု ပြောကြားသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်း ရတနာမဉ္ဇူမေမှုရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဆေက ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း) – ဒေါ်ကြည်ကြည်ဝင်းမိသားစု အမှတ်(၃၉) ပန်းဝါလမ်း သုဝဏ္ဏမှ ငွေကျပ်ငါးသိန်း၊ ဦးဝေဝင်းဇော်–ဒေါ်မြတ်သီတာထွန်း၊ သမီး မထက်မြတ်ဝေမိသားစုမှ ငွေကျပ်ငါးသိန်း၊ ဦးတင်ထွန်းတိုး–ဒေါ်မော်မော်ဝင်းမိသားစုက ငွေကျပ်နှစ်သိန်း၊ ကွယ်လွန်သူ မောင်ကျော်သူအောင်အား ရည်စူး၍ ဦးမောင်မောင်ကြီး–ဒေါ်စန်းစန်းနွယ်မိသားစု ယုဇနတည်းခိုခန်းက ငွေကျပ်တစ်သိန်းခွဲ၊ ဦးအေးသန့်–ဒေါ်စန်းကြည်၊ သား ကောင်းမျိုးဟန်မိသားစု ဗဟိုလမ်းက ငွေကျပ်တစ်သိန်းတို့ကို ကမ္ဘာ့ဥာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ ရေစက်ချလှူဒါန်းစဉ်။**

(က–ပ)



### ပေးအပ်

**ဇန်နဝါရီ ၁၂ရက်က ဗဟန်းမြို့နယ် ဆရာစံပလာဇာ၌ ခင်းကျင်းပြသလျက်ရှိသည့် မြန်မာ့သမဝါယမ နှစ် ၁၀၀ပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၅တွင် သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းထံ ပုဂံမြို့ ယွန်းပညာကောလိပ် ယွန်းပြတိုက်အတွက် လှူဒါန်းသော ရှေးဟောင်းယွန်းလေးဆင့်ချိုင့်ကို အလှူရှင် ဦးတင်အောင်–ဒေါက်တာဒေါ်ခင်လှရွှေ ကိုယ်စား ဒေါ်သိန်းသိန်းစိုးက ပေးအပ်စဉ်။**

(သမဝါယမ)

## မြန်မာပီဂျီအေနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

Myanmar PGA **နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍** Rothmans of Pall Mall Myanmar Pte., Ltd **က အဓိကကူညီပံ့ပိုးသည့် ၂၀၀၄–၂၀၀၅ ခုနှစ်** Myanmar PGA **နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်** (MGF) **ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁၀)၌ နေရာယူကြပြီး Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ ဗိုလ်မှူးချုပ် သူရမောင်နီ(ငြိမ်း)၊ ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေ၊ Rothmans of Pall Mall Myanmar Pte., Ltd. Regional Sale မန်နေဂျာ ဦးတင်ဌေး၊ Hanthawaddy Golf and Country Club မှ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်တို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မြင့်သောင်း(K.M Golf Centre)နှင့် မင်းနိုင်(Srixon)တို့က ၇၂ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မြင့်ရွှေ (Wilson)၊ ကျော်စွာလင်း(Srixon)၊ အောင်ဝင်း(Y.C.D.C)၊ ဇော်ဇော်လတ်(Srixon)တို့က ၇၃ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး ဇော်ပိုင်ဦး(Srixon)က ၇၄ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေလင်းထွန်းက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက် ၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇင်ဝင်းက ၇၄ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့်နှင့် နိုင်နိုင်လင်းတို့က ၇၅ ချက်စီဖြင့် တတိယလိုက်နေကြသည်။



**Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) ၂၀၀၄–၂၀၀၅ ခုနှစ် Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

MYANMAR
GOLF TOUR

ယင်းပြိုင်ပွဲကို Co-Sponsors များအဖြစ် Air Mandalay၊Myanmar Brewery Ltd ၊Alpine Purified Drinking Water ၊ K.M Golf Centre ၊Maruman၊Tour Stage၊ Wilson ၊ Srixon ၊ Granslam (Musing Wear)၊ Accel International Co., Ltd(Canon)၊ Sunfar Travel and Tour၊ Pan-West (Myanmar)၊ Kasco၊Ping၊Eastern-Pro ၊ (Pro-Shop)များနှင့် Hanthawaddy Golf and Country Club တို့က အသီးသီးထပ်မံ၍ ကူညီပံ့ပိုးကြကာ ယင်းပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Managementက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၁၃ရက် နံနက် ၈နာရီတွင် ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် နယ်စပ်ဒေသ အေးချမ်းသာယာမှုတည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် နယ်စပ်ဒေသ အေးချမ်းသာယာမှုတည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ Grand Plaza Park Royal Hotel ၌ကျင်းပရာ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၃၀၊ တရုတ်ကိုယ်စားလှယ်အဖွဲ့ဝင်၂၂ဦးတို့ တက်ရောက်ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် အုပ်စုသုံးစုခွဲပြီး ဆွေးနွေးကြသည်။ ယင်းသို့ ဆွေးနွေးရာတွင် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်နှင့် တရုတ်နိုင်ငံ နယ်စပ်ထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Weimingခေါင်းဆောင်သော အုပ်စု(၁)သည် နယ်စပ်ဒေသ စစ်ဆေးရေးစခန်းများ စီမံခန့်ခွဲမှု တိုးမြှင့်ရန်နှင့် ကြိုတင်ကာကွယ်ရေး၊ ဒုစရိုက်သမားများ ဝင်ထွက်မှု တားဆီးကာကွယ်ရေး၊ ကမ္ဘာလှည့်ခရီးသည်များ၏ လုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတို့ကို လည်းကောင်း၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန ဌာနမှူး ရဲမှူးကြီးခမ်းအောင်နှင့် တရုတ်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Yuan Zheng ခေါင်းဆောင်သော အုပ်စု(၂)သည် မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေး၊ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ တရားမဝင်သယ်ဆောင်မှု တိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့ကို လည်းကောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးနှင့် တရုတ်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zhang Jufeng ခေါင်းဆောင်သော အုပ်စု(၃)သည် ရဲတပ်ဖွဲ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းများ၊ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးအရာရှိများထားရှိရေး၊ အရေးပေါ်ဆက်သွယ်မည့် ဌာနသတ်မှတ်ပေးရေး၊ စီးပွားရေးမှုခင်း၊ Money Laundering၊ လောင်းကစားမှု ထိန်းချုပ်ရေး၊ ငွေတုပြုလုပ်မှုများ ကာကွယ်ရေးတို့ကိုလည်းကောင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

# မုံရွာမြို့နယ်အတွင်း အထွက်ကောင်းဝါမျိုးများ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းအတွင်း ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းထွက်ရှိရန် ရည်ရွယ်ကျင်းပသည့် အထွက်ကောင်း ဝါမျိုးများ စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက မုံရွာမြို့နယ် ဇလုပ်ကျေးရွာတောင်သူ ဦးသောင်းရွှေ၏ ဝါစိုက်ခင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်း၊ စစ်ကိုင်းတိုင်း မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်မော်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မုံရွာခရိုင် ရှစ်မြို့နယ်ရှိ ဝါစိုက်တောင်သူ ၁၅၀ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်က ဒေသအတွင်း ဝါကုန်ကြမ်း လုံလောက်စွာ ရရှိရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဝါစိုက်တောင်သူများက ဝါစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝါစံကွက် အထွက်နှုန်းများအား မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များက တိုင်းတာရာ ဝါမျိုးကောင်းမျိုးသစ်၊ ချည်မျှင်ရှည် ဝါမျိုးများဖြစ်သည့် တောင်သူ ဦးဇော်ဝင်း၏ စိုက်ခင်းမှ ဆူရာဘီတစ်ဧကလျှင် ၄၅၉ ပိဿာနှုန်း၊ တောင်သူ ဦးကျော်ဆိတ်၏ ဝါခင်းမှ ဆူရာဘီ တစ်ဧကလျှင် ၆၇၇ ပိဿာနှုန်းနှင့် ချည်မျှင်တို စပ်မျိုးစိုက်ထားသည့် တောင်သူ ဦးသောင်းရွှေ၏ ဝါစိုက်ခင်းမှ မဂျစ်တစ်ဧကလျှင် ၁၀၇၃ ပိဿာနှုန်း ထွက်ရှိကြောင်း တိုင်းတာရရှိသည်။

စစ်ကိုင်းတိုင်းအတွင်း ချည်မျှင်ရှည် အထွက်ကောင်း ဝါမျိုးသစ်များဖြစ်သည့် ဆူရာဘီ၊ ဆူပရီးယား၊ အယ်လ်အာအေ(၅၁၆၆)၊ အမ်စီယူ(၅)ဗီတီ၊ အမ်စီယူ(၉)ဝါမျိုးသစ်များ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းနှင့် ဝါစိုက်တောင်သူများ အကျိုးတူစိုက်ပြီး ၁၁၁၀၁ ဧကရှိကြောင်း သိရသည်။

ချည်မျှင်တိုဝါ အထွက်ကောင်း စပ်မျိုး မဂျစ်(၁) ဧက(၂၄၀) စမ်းသပ်စိုက်ပျိုးထားရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။ လာမည့်နှစ်တွင် ဝါမျိုးသစ်များ ဧကတိုးချဲ့စိုက်ပျိုးရေးနှင့် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်း တစ်ဧကလျှင် ဝါပိဿာ ၄၀၀ ထွက်ရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(က–ပ)**



ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်း၍ ပေါ်ဆန်းမွှေး ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးငြိမ်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်သည် ဒီဇင်ဘာ ၁၇ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ဧရာဦးပန်းခြံရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်များပျိုးထောင်ထားရှိမှုနှင့် ပန်းခြံပြုပြင်ထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ရှင်းလင်းပြသစဉ်။

(နယ်စပ်စည်ပင်)

## အမာခံကျောက်ချောလမ်းခင်းခြင်း ကွင်းဆင်းစစ်ဆေး

**တမူး ဇန်နဝါရီ ၆**

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်တာဝန်ခံ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်သည် ဒီဇင်ဘာ ၂၀ ရက်က ခမ်းပါတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုများနှင့် ခမ်းပါတ်(အမက) ကျောင်းလမ်း အရှည် ၅၈၅ ပေ၊ အကျယ် ၁၂ ပေရှိသော အမာခံကျောက်ချော လမ်းခင်းခြင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာသို့ ခမ်းပါတ်မြို့နယ်တာဝန်ခံ ဦးအောင်ကျော်မျိုးနှင့် အငယ်တန်းအင်ဂျင်နီယာ–၂ ဦးဇော်မျိုးနိုင်တို့ကလည်း အရှည်၅၈၅ပေ၊ အကျယ် ၁၂ပေရှိ အမကကျောင်းလမ်းအား ငွေကျပ် ၈၅၅၀၀၀ အကုန်အကျခံ၍ အမာခံကျောက်ချောလမ်းကို စံချိန်စံညွှန်းပြည့်မီရေး၊ လမ်းပခုံးများ ကောင်းမွန်ရေးနှင့် လမ်းရေရှည်တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

**(နယ်စပ်စည်ပင်)**

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သတင်းများ

## မြို့နယ်သတင်းများ



ကချင်ပြည်နယ်ဒေါ့ဖုန်းယန်မြို့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးနူးဆောင် နှင့် ဝန်ထမ်းများ က မြို့တွင်း လမ်းမကြီးတစ်လျှောက်ရှိ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



## ကျေးလက်တံတားပြုပြင်မှု ကွင်းဆင်းစစ်ဆေး

**ခရမ်း ဇန်နဝါရီ ၅**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဇော်သန်းနှင့် အဖွဲ့သည် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ရွှေလှေ–မောင်းမ–ခရမ်း မြေသားလမ်းပေါ်ရှိ အုတ်ဖို သစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်းခွင်ကို နိုဝင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြို့နယ်အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ(၂) ဦးချစ်သက်ဇော်တို့က ရှင်းလင်းတင်ပြသည်။

**(အပေါ်ပုံ)**

**မှာကြား**

အဆိုပါ အုတ်ဖိုတံတား ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ဒုတိယအင်ဂျင်နီယာမှူးကြီးက တံတား ရေရှည်ကြံ့ခိုင်မှုရှိစေရန်နှင့် တံတား ချဉ်းကပ်မြေသားလမ်းများ စံချိန်စံညွှန်းမီ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

**(မြို့နယ်စည်ပင်)**

**ဆုချီးမြှင့်**

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပရာ ကဗျာပြိုင်ပွဲ ပထမဆုရသူ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၅)မှ မကုမုဒြာအား အမျိုးသားစာပေဆုရ စာရေးဆရာ ကောင်းသန့်က ဆုချီးမြှင့်စဉ်။ (၄၀၃)





စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက် ရှိသော မင်းဘာကြီးလမ်း မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့်အမှုဆောင်အရာရှိ ဦးမြစိုးတို့က ဒီဇင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေးက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)







## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ရေကူပေးရေး စီမံကိန်း တောင်ရေရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံအကြား တမံများ ဖောက်လုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ပုဂံ-ညောင်ဦးလေဆိပ်သို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။**

ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကပုဂံ-ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ပုဂံ-ညောင်ဦး-ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၉ နာရီ မိနစ်၂၀ တွင် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီးရှိ ကြက်မောက်တောင်ဆည် ရေကူပေးရေး စီမံကိန်းတမံ-၂ ဖြစ်သည့် တောင်ရေချောင်းရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိ ကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်ရှင်းလင်းဆောင်၌ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါး ရေလှောင်တမံတို့ကို ဆက်သွယ်သည့် ဆက်သွယ်မြောင်းများ ဖောက်လုပ်မှုအခြေအနေနှင့် ရေထိန်းတမံများ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး ဦးခင်မောင်ချစ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က ဖြည့်စွက် ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက စက်သုံးဆီရရှိမှု၊ သုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ တောင်ရေ ရေလှောင်တမံသည် အထက်ဘက်ရှိ ကျောက်တံခါးရေလှောင်တမံမှ ဆက်သွယ်တူးမြောင်းစနစ်ဖြင့် ချပေးသည့်ရေကိုထိန်းလျက် ဆက်သွယ် တူးမြောင်းစနစ်ဖြင့်ပင် ကြက်မောက်တောင်ဆည်သို့ ရေကူပေးရန်တည်ဆောက်ထားခြင်းဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအမြင့်ပေ ၇၀၊ တမံအလျားပေ ၂၉၇၀နှင့် ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧက ပေ ၃၄၃၀ ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်ရေ ရေလှောင်တမံအတွင်းသို့ ရေဝင်ရောက်မှု အခြေအနေများကို စစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်ရေရေလှောင်တမံမှကျောက်တံခါးရေလှောင်တမံသို့ ဆက်သွယ်မြောင်း ဖောက်လုပ်မည့်လမ်းကြောင်းအတိုင်းမော်တော်ယာဉ်များဖြင့် ထွက်ခွာကြသည်။

ရှေ့ဦးစွာ တောင်ရေရေလှောင်တမံနှင့် ရေထိန်းကန်အမှတ်(၅) အကြားရှိ ဆက်သွယ်ရေးမြောင်း ဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရေထိန်းကန် အမှတ်(၅)သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေထိန်းကန်အမှတ်(၅) အောက်ဘက်ရှိ လယ်မြေဧက ၂၀နှင့် နောက်ထပ်ပေါ်ထွက်လာမည့် လယ်မြေဧက ၅၀ စုစုပေါင်းဧက ၇၀ အား စိုက်ပျိုးရေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေထိန်းကန်အမှတ်(၄)သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေထိန်းကန်အောက်ဘက်တွင် လက်ရှိစိုက်ပျိုးမြေများ ရေရရှိရေးအတွက် ပိုက်ဖြင့် ရေထိန်းကန်မှ ရေထုတ်ယူပြီး အောက်ဘက်ရှိ လယ်များအား ရေပေးဝေရန်တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေထိန်းကန်အမှတ်(၃)ညောင်ငုတ်တို တမံဆောက်လုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရေထိန်းကန်ဆောက်လုပ်မည့် နေရာနှင့် ဆက်သွယ်မြောင်းဖောက်လုပ်မည့် နေရာများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ရေထိန်းကန်အမှတ်(၃) အောက်ဘက်တွင် လက်ရှိ ၁၂ ဧက စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေရရှိပါက ဧက ၆၀၀အထိ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေထိန်းကန်အမှတ်(၃)နှင့် အမှတ်(၂)အကြားရှိ ရေဆိုးထုတ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေထိန်းကန်အမှတ်(၂) ပန်းဆွဲတမံ ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ရေထိန်းကန်အမှတ်(၂)နှင့် အမှတ်(၁)အကြားရှိ ကျောက်တံခါးရေလှောင်တမံမှ လေးမိုင်ခွဲအကွာရှိ ရေဆိုးထုတ်အဆောက်အအုံဆောက်လုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရေဆိုးထုတ် အဆောက်အအုံနှင့် ဆက်သွယ်မြောင်းဖောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါး ရေလှောင်တမံမှ တစ်မိုင်အကွာတွင် ဆက်သွယ်မြောင်းအား စက်ယန္တရားဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တောင်ရေရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံကို ဆက်သွယ်သည့် မြောင်းမှာ အရှည် ၁၃ ဒသမ ၅မိုင်ရှိပြီး ယခုအခါ တောင်ရေရေလှောင်တမံဘက်တွင် တစ်မိုင်ကျော်နှင့် ကျောက်တံခါးရေလှောင်တမံဘက်တွင် တစ်မိုင်ကျော် စုစုပေါင်းနှစ်မိုင်ကျော် ဖောက်လုပ်ပြီးစီးပြီး ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါးရေလှောင်တမံသို့ ရောက်ရှိကြပြီး ကျောက်တံခါးရေထုတ်ပြွန်အမှတ်(၁)မှ ရေကို ဆက်သွယ်မြောင်းဖြင့် တောင်ရေရေလှောင်တမံသို့ ပို့လွှတ်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျောက်တံခါးရေလှောင်တမံကို ဆက်သွယ်တူးမြောင်းစနစ်ဖြင့် အောက်ဘက်ရှိ တောင်ရေ ရေလှောင်တမံမှတစ်ဆင့် ကြက်မောက်တောင်ဆည်သို့ ရေကူပေးရန် ရည်ရွယ် တည်ဆောက်ထားခြင်းဖြစ်ပြီး မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာ၏ အထက်ဘက် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။

ယင်းကျောက်တံခါးရေလှောင်တမံကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် ဖွင့်လှစ်ခဲ့ပြီး တမံအမြင့်ပေ ၈၀၊ တမံအလျားပေ ၇၆၁၀နှင့် ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၄၁၁၃၀ ရှိကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် လက်ခုပ်ပင် ကျေးရွာအနီးရှိ မြေဖို့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ညောင်ကုန်းရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်း ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ချောင်းကောက် ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေကူပေးမည့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာ၌ ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေရေလှောင်တမံကို ဆက်သွယ်ရေးမြောင်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီရန် မိမိတို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်၍ ပထမအဆင့်တွင် နည်းလမ်းငါးသွယ် တစ်နည်းအားဖြင့် လုပ်ငန်းငါးခုဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် လမ်းညွှန်မှုရှိခဲ့ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းမြန်မြန်ဆန်ဆန်ပြီးစီးအောင် ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)



# တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် ဇန်နဝါရီ ၉ရက်၌ မြိတ်မြို့သို့ရောက်ရှိပြီး နံနက်ပိုင်းတွင် ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တနင်္သာရီတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေများ နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြိတ်မြို့မှထွက်ခွာရာ တနင်္သာရီမြို့သို့ ညနေပိုင်းတွင်ရောက်ရှိပြီး ဒေသမှ တာဝန်ရှိသူများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

ဇန်နဝါရီ ၁၀ ရက်နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တနင်္သာရီမြို့မှ ထွက်ခွာရာ ညနေပိုင်းတွင် ခမောက်ကြီးမြို့သို့ ရောက်ရှိပြီး ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ဒေသမှတာဝန်ရှိသူများနှင့်အတူ ခမောက်ကြီး- မာရမ်းလမ်း အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ မာရမ်းရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

# သဲဖြူတောရ ဓမ္မရိပ်သာ တရားစခန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် ဇန်နဝါရီ ၁၄ရက်မှ ၂၄ရက်အထိ တရားစခန်းကျင်းပ မည်ဖြစ်သည်။ တရားဝင်လိုသည့် ယောဂီများ ဖုန်း- ၆၆၂၈၃၆၊ ၆၆၆၁၆၃သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

ရန်ကုန်မြို့မှ ယောဂီများအနေဖြင့် အင်းစိန်အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက် စုရပ်သို့ ဇန်နဝါရီ ၁၄ရက် မွန်းလွဲ ၁နာရီခွဲအရောက် လာကြရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

# မိတ္ထီလာတွင် ခပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

မိတ္ထီလာမြို့နယ် ကုန်သွယ်လယ်ယာမှ မန္တလေးတိုင်း ကုန်သွယ်လယ်ယာဝန်ထမ်းသက်သာအတွက် မိတ္ထီလာမြို့နယ် ထမုံကန်ကျေးရွာတွင် စိုက်ပျိုးထားသော မြစိမ်းရောင်စပါးနှစ်ဧက စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်က ထမုံကန်ကျေးရွာကွင်းအမှတ် (၈၅၀) တွင် ကျင်းပသည်။

မန္တလေးတိုင်း ကုန်သွယ်လယ်ယာ ဝန်ထမ်းသက်သာအတွက် စိုက်ပျိုးထားသော မြစိမ်းရောင်စပါးစံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်း ကုန်သွယ်လယ်ယာ ဒုမန်နေဂျာ ဦးအေးမောင်၊ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေး၊ မိတ္ထီလာလက်ထောက်တိုင်းရုံးမှ ဝယ်ရောင်းမန်နေဂျာ ဦးဝင်းမောင်၊ မြို့နယ်မန်နေဂျာ ဦးတင်ဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ညိုနှင့် စပါးစိုက်ရွာသားများ တက်ရောက်ကြသည်။

မိတ္ထီလာမြို့နယ် ထမုံကန်ကျေးရွာတွင် စိုက်ပျိုးထားသော မြစိမ်းရောင်စပါးကို ရိတ်သိမ်းကြရာနှစ်ဧကအတွက် တင်း ၂၁၀နှင့်၁၈ပေါင်ထွက်ရှိပြီး မြစိမ်းရောင်စပါးတစ်ဧကတွင် ၁၀၅ တင်းနှင့် ကိုးပေါင်ထွက်ရှိကြောင်း သိရသည်။ (၁၁၁)



မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာသမိုင်းအဖွဲ့သည်မျိုးဆက်မပြတ်ဘဲယနေ့တိုင်ရှင်သန်နေ အထောက်အထား စုဆောင်းမှုကို အလေးပေးအားစိုက်ဆောင်ရွက်ခဲ့ သမိုင်းပညာလေ့လာမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးနေ

ရန်ကုန် ဇန်နဝါရီ ၁၂

**မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်စနာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန့်ရတုခန်းမဒွိကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။**

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ⇨**

## အမှာစကားပြောကြား

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာ သင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# ပြည်သူများကိုစိတ်ဝင်စားစွာလေ့လာပြီး လိုအင်ဆန္ဒအခက်အခဲများကို ကူညီဖြေရှင်းပေး လက်တွေ့အကျိုးပြုလုပ်ငန်းများကို အတူပူးပေါင်းဆောင်ရွက်ရင်း ပြည်သူကို မှန်ကန်စွာစည်းရုံး

ရန်ကုန် ဇန်နဝါရီ ၁၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမဒွိကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်နှင့်အညီ စည်းကမ်းပြည့်ဝပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး နိုင်ငံရေးအကူးအပြောင်းဖြစ်စဉ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဆောင်ရွက်မှုသည် ယခင် အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးတို့ထက် ပိုမိုတိုးတက် သိမ်မွေ့နက်နဲပြီး အမျိုးသားနိုင်ငံရေး အနှစ်သာရများပါရှိလာကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**